JUSTICE FOR MYANMAR

# သတင်းထုတ်ပြန်ချက်

ဇွန်လိုင် ၆ရက် ၂၀၂၂၊ မြန်မာ

# MRTV ကို Dacast ရုပ်သံထုတ်လွှင့်မှုဆော့ဝဲလ်က အသုံးပြုခွင့် ပိတ်ပင်လိုက်ခြင်းကို Justice For Myanmar ကြိုဆို

ကယ်လီဖိုးနီးယားအခြေစိုက် အွန်လိုင်းရုပ်သံနဲ့ ဗွီဒီယိုတိုက်ရိုက်ထုတ်လွှတ်ရေးကုမ္ပဏီတစ်ခုဖြစ်တဲ့ Dacast က အကြမ်းဖက်မြန်မာစစ်တပ်ရဲ့ MRTV အွန်လိုင်းရုပ်သံတိုက်ရိုက်ထုတ်လွှင့်တာကို တားမြစ်ပိတ်ပင်လိုက်ပြီ ဖြစ်ပါတယ်။

MRTV ဟာ တရားမဝင် အာဏာသိမ်းစစ်ကောင်စီ ထိန်းချုပ်ထားတဲ့ စစ်တပ်ပြန်ကြားရေးဝန်ကြီးဌာန အောက်မှာရှိတဲ့ နိုင်ငံအဆင့်ရုပ်သံဌာနတခုဖြစ်ပြီး သူ့ရဲ့ MRTV ဝဘ်ဆိုက်နဲ့ ဖုန်းအက်ပလီကေးရှင်းအသစ် တွေမှာ တိုက်ရိုက်ထုတ်လွှင့်ဖို့အတွက် Dacast ကို အသုံးပြုခဲ့တာ ဖြစ်ပါတယ်။

မြန်မာစစ်တပ်က သတင်းမှားနဲ့ အမုန်းစကားတွေ ဖြန့်ဝေဖို့ရာအတွက် MRTV ရုပ်သံကို အသုံးချပါတယ်။

Justice For Myanamar အနေနဲ့ Dacast ကို ဆက်သွယ်ပြီး မြန်မာစစ်တပ်က သူတို့ရဲ့ ဆော့ဝဲလ်တွေကို အသုံးပြုနေကြောင်း သတိပေးပြောကြားခဲ့ပါတယ်။ “ကျွန်ုပ်တို့အနေနဲ့ သုံးစွဲသူများရဲ့ သုံးစွဲမှုအကြောင်းအရာနဲ့ပတ်သတ်ပြီး ကြိုတင်သိရှိထားတာမရှိတဲ့အတွက်ကြောင့် ဒီကိစ္စကို စေ့စေ့စပ်စပ် စုံစမ်းစစ်ဆေးသွားမှာပါ၊ အကယ်၍ ကျွန်ုပ်တို့ရဲ့ စည်းမျဉ်းစည်းကမ်းတွေကို ချိုးဖောက်ခဲ့ရင်လည်း အရေးယူသွားမှာပါ” လို့ Dacast ရဲ့ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ဖြေကြားခဲ့ပြီး နောက်ထပ် မှတ်ချက်ပေးဖို့ကိုတော့ ငြင်းဆိုခဲ့ပါတယ်။

အဲ့ဒီနောက် သိပ်မကြာခင်မှာပဲ MRTV ဝဘ်ဆိုက်နဲ့ အက်ပလီကေးရှင်း တိုက်ရိုက်အွန်လိုင်းရုပ်သံ ထုတ်လွှင့်မှုအစီအစဉ်မှာ “ယခုအကြောင်းအရာ၏ ရုပ်သံထုတ်လွှင့်မှုအား ပိတ်ပင်တားမြစ် ထားသည်”ဆိုတဲ့ စာသား ဖော်ပြခဲ့ပါတယ်။

Dacast ရဲ့ ဝန်ဆောင်မှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းတွေအရ တတိယအင်အားစုတစ်ခုရဲ့ အခွင့်အရေးကို ချိုးဖောက်ဖို့နဲ့ အခြားတရားဝင် ဒါမှမဟုတ် စည်းမျဉ်းစည်းကမ်းအကြောင်းပြချက်တွေနဲ့ တရားမဝင်

ရည်ရွယ်ချက်တွေအတွက် အသုံးပြုခဲ့တာကို တွေ့တဲ့အခါ ကြိုတင်အကြောင်းကြားခြင်းမျိုးမရှိပဲ ဝန်ဆောင်မှုချက်ချင်း ရပ်တန့်ပစ်ဖို့အတွက် ခွင့်ပြုထားပါတယ်။

MRTV ဝဘ်ဆိုက်နဲ့ အက်ပလီကေးရှင်းတွေကို ၂၀၂၂ ခုနှစ်၊ မေလ ၄ ရက်နေ့မှာ ရာဇဝတ်ကောင်မင်းအောင်လှိုင်က စတင်ဖွင့်လှစ်ပေးခဲ့တာပဲဖြစ်ပါတယ်။

MRTV အက်ပလီကေးရှင်းတွေကို Apple App Store နဲ့ Google Play တို့မှာ ရေးသားထုတ်လွှင့်ခဲ့တဲ့ အိုင်အိုဝါအခြေစိုက်ကုမ္ပဏီ Apps Web Social LLC ကို Justice For Myanmar က မေလမှာ လူသိရှင်ကြား တောင်းဆိုခဲ့ပါတယ်။ သူတို့က မေလ ၅ ရက်နေ့မှာ App Store နဲ့ Google Play အက်ပလီကေးရှင်းတို့ကနေ ဖယ်ရှားပစ်ခဲ့ပြီး ဝဘ်ဆိုက်ကိုလည်း ဖြုတ်ချခဲ့ပါတယ်။

အဲ့ဒီ ဝဘ်ဆိုက်ကတော့ ဒိုမိန်းအသစ်တစ်ခုမှာ ပြန်ပြီးထုတ်လွှင့်ခဲ့ပြီး အက်ပလီကေးရှင်းကလည်း Apple App Store နဲ့ Google Play တို့မှာ ပြန်ပြီးသုံးစွဲလို့ရနေပါတယ်။

အကြမ်းဖက်စစ်ကောင်စီရဲ့ ဒိုမိန်းနာမည်သစ် mrtv-media.com အတွက် မှတ်ပုံတင်ပေးတဲ့ ကုမ္ပဏီက အမေရိကန်ကုမ္ပဏီတစ်ခုဖြစ်တဲ့ GoDaddy.com ဖြစ်ပါတယ်။

MRTC က တွီတာနဲ့ တယ်လီဂရမ်တို့မှာလည်း ထုတ်လွှင့်မှုတွေ ဆက်လက်လုပ်ဆောင်နေပါတယ်။

MRTV ကို ထိန်းချုပ်ထားတဲ့ တရားမဝင်အာဏာသိမ်းစစ်ကောင်စီ (SAC) ကို အမေရိကန်ပြည်ထောင်စုက ဒဏ်ခတ်ပိတ်ဆို့မှု ချမှတ်ခဲ့ပြီးနောက် နည်းပညာကုမ္ပဏီတွေအနေနဲ့ အမေရိကန်အစိုးရရဲ့ အရေးယူဒဏ်ခတ်ပိတ်ဆို့မှုတွေကို လိုက်နာခြင်း ရှိ၊ မရှိ အပေါ် မေးခွန်းထုတ်စရာတွေ ဖြစ်ပေါ်လာပါတယ်။

အာဏာသိမ်းစစ်ကောင်စီရဲ့ ပြန်ကြားရေးဝန်ကြီးဟောင်းချစ်နိုင်ကို ၂၀၂၁ ခုနှစ် ဇူလိုင် ၂ ရက်နေ့မှာ က ပစ်ဒဏ်ခတ်ပိတ်ဆို့အရေးယူခဲ့ပြီး အဲ့ဒီနောက်မကြာခင်မှာပဲ မောင်မောင်အုန်းနဲ့ အစားထိုးခဲ့ပါတယ်။

မြန်မာစစ်တပ်နဲ့ သူ့ရဲ့ စီးပွားရေးမိတ်ဘက်တွေကို ဒဏ်ခတ်ပိတ်ဆို့မှု တစ်စိတ်တပိုင်းအနေနဲ့ ဖေ့စ်ဘုတ်က MRTV ကို ပိတ်ပင်တားမြစ်ခဲ့ပါတယ်။

**Justice For Myanmar ရဲ့ ပြောရေးဆိုခွင့်ရှိသူ မရတနာမောင်က** "Dacast အနေနဲ့ အကြမ်းဖက်အဖွဲ့အစည်းတစ်ခုဖြစ်တဲ့ တရားမဝင်အာဏာသိမ်းမြန်မာစစ်ကောင်စီက သတင်းမှားနဲ့

အမုန်းစကားတွေ ဖြန့်ဝေဖို့အတွက် သူတို့ရဲ့ဆော့ဖ်ဝဲလ်ကို အသုံးနေကြောင်း သိလိုက်တာနဲ့ ခုလို မြန်မြန်ဆန်ဆန် အရေးယူဆောင်ရွက်လိုက်တာကို ကျွန်မတို့ ကြိုဆိုပါတယ်။

"Apple၊ Alphabet၊ Cloudflare၊ GoDaddy၊ Telegram နဲ့ Twitter အပါအဝင် ကုမ္ပဏီတွေက အကြမ်းဖက်မြန်မာစစ်အုပ်စုနဲ့ စီးပွားရေးဆက်လက်ပူးပေါင်းလုပ်ကိုင်နေပြီး မြန်မာပြည်သူတွေအပေါ် သူတို့ရဲ့ နည်းပညာတွေကို အသုံးပြုပြီး ရာဇဝတ်မှုတွေကျူးလွန်ဖို့ ခွင့်ပြုပေးနေတာက အင်မတန်စိတ်ပျက်စရာ ကောင်းပါတယ်။

"နည်းပညာပိုင်းကုမ္ပဏီတွေအနေနဲ့ ကမ္ဘာ့လူ့အခွင့်အရေးတာဝန်တွေနဲ့အညီ လိုက်နာကျင့်သုံးဖို့၊ မြန်မာစစ်တပ်ရဲ့မိုဘိုင်းအော်ပရေတာ မိုင်တဲယ်နဲ့ MRTV အပါအဝင် စစ်တပ်စီးပွားရေးလုပ်ငန်းအားလုံးကို အရေးယူပိတ်ဆို့တားမြစ်ဖို့ ကျွန်မတို့ တောင်းဆိုပါတယ်" လို့ ပြောကြားပါတယ်။

## ပိုမိုသိရှိရန်

ကျွန်ုပ်တို့၏ သတင်းထုတ်ပြန်ချက်ဖြစ်သည့် "အမေရိကန်နည်းပညာကုမ္ပဏီက မြန်မာစစ် ကောင်စီဝဘ်ဒ်ဖြန့်မှုကို ကူညီနေ" ကို ယခုနေရာတွင် ကြည့်ရှုပါ။

Justice For Myanmar | media@justiceformyanmar.org

https://www.justiceformyanmar.org/ | Mirror:

https://justiceformyanmar.github.io/justiceformyanmar.org/

https://twitter.com/justicemyanmar | https://www.facebook.com/justiceformyanmar.org/

Justice For Myanmar သည် မြန်မာပြည်သူများအတွက် တရားမျှတမှုနှင့် တာဝန်ခံမှုရရှိစေရန်၊ စစ်တပ်စီးပွားရေးများအဆုံးသတ်ရန် တောင်းဆိုနေပြီး ဖက်ဒရယ်ဒီမိုကရေစီနှင့် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးအတွက် စည်းရုံးလှုံ့ဆော်နေသော အမည်မဖော်ပြသည့် တက်ကြွလှုပ်ရှားသူများ အစုအဖွဲ့ဖြစ်သည်။